မြန်မာနိုင်ငံရှေ့နေများကောင်စီ
Burma Lawyers' Council

PO Box 144 Mae Sod Post Office Tak Province 63110 Thailand Tel : Fax (66) (055) : 542 910
E-mail : blcsan@ksc.th.com; Website : www. blc-burma.org

# မြန်မာနိုင်ငံအကျဉ်းထောင်များအတွင်းစစ်ဆေးစီရင်ခဲ့ကြသည့် အမှုများအားလုံးသည် ဥပဒေလုပ်ထုံးလုပ်နည်းများနှင့် မကိုက်ညီသောကြောင့် နှစ်ရှည်ထောင်ဒဏ်ကျခံနေရသူများကို ချက်ခြင်းလွှတ်ပေးသင့်ကြောင်း ဥပဒေရေးရာထုတ်ပြန်ချက်

တရားဥပဒေဟူသည် တရားမျှတမှုနှင့်မတရားမှုကိုပြတ်ပြတ်သားသားခွဲခြားပိုင်းဖြတ်ပေးရသည်။ တရားရုံးတော် ဟူသည်မှာလည်း ရောဂါနှင့် တူသောအမှုများကိုခွဲစိပ် ကုသပေးသော အမှန်တရား ဖေါ်ထုတ်ရာ ခွဲစိပ်ခန်းပင်ဖြစ်ပါသည်။ ထို့ကြောင့်အမှန်နှင့်အမှားကိုခွဲခြမ်းစိပ်ဖြာပေးသော၊ တရားမှုနှင့်မတရားမှုများ ကိုသုံးသပ် ဆုံးဖြတ်ဝေဖန် ပိုင်းခြားနိုင်စွမ်းသောတရားသူကြီးများ၏ပညာသတိနှင့် ကျင့်ဝတ်သိက္ခာများ သည်တရားစီရင် ရေးမဏ္ဍိုင်မယိမ်းယိုင်စေရန်လွန်စွာအရေးကြီးသောအခန်းကဏ္ဍမှပါဝင်ပေသည်။ တရားသူကြီးများ၏စီရင်ဆုံးဖြတ်ချက်မှားယွင်းချွတ်ချော်မှုများ တစထက် တစ ပိုမိုများပြားလာပါက တရားစီရင်ရေးယန္တရားတခုလုံး ပျက်စီး သွားစေနိုင် သည်။ တရားဥပဒေစိုးမိုးရေးကို ရစရာမရှိအောင်ပင် ဆုံးရှုံးသွားစေနိုင်သည်။ လောကပါလ တရားထွန်းကားခဲ့သော မြန်မာနိုင်ငံ လူ့အဖွဲ့ အစည်း အတွင်း နိုင်ငံသားများ၏ ကိုယ်ကျင့်သိက္ခာများတစစီ ပျက်စီးယိုယွင်း ထိခိုက်စေနိုင်သည်။ နောက်ဆုံးတွင် တတိုင်းပြည်လုံး အလုံးစုံ ပျက်သုဉ်း၍ အတိဒုက္ခ ရောက်သွားနိုင်သည်။

ထို့ကြောင့်တရားမျှတမှုမရှိသည့်တရားစီရင်ရေးစနစ်အား အမြန်ဆုံးပြုပြင်ပြောင်းလဲနိုင်ရေးအတွက် တရားမျှတမှုများကို ဖေါ်ထုတ်ရန်မှာယနေ့ တရားရေးတာဝန်ရှိ သူများအားလုံးနှင့် နိုင်ငံသူနိုင်ငံသားအားလုံးတို့၏ ဦးလည်မသုန် ထမ်းဆောင်ကြရမည့်ကြီးမားသောတာဝန်ဖြစ်သည်နှင့်အညီ နအဖ စစ်အစိုးရတရားရုံးများ၏ တရားဥပဒေနှင့် မညီသော မတရားမှုများကိုအောက်ပါအတိုင်းဖေါ်ထုတ်တင်ပြအပ်ပါသည်။

## နအဖ၏ တရားစီရင်ရေး စနစ်အတွင်းမှ မတရားမှုများ

(၁)အကျဉ်းထောင်ဥပစာအတွင်း စစ်ဆေးစီရင်မည်ဟု ထုံးပုံကျအမိန့်တစ်ရပ် ချမှတ်ခဲ့ခြင်းမရှိသောကြောင့် စွပ်စွဲခံရ သူများသည် အကျဉ်းထောင်ဥပစာအတွင်း စစ်ဆေးစီရင်ပါက နစ်နာနိုင်သည်ဟု အဆိုပါထုံးပုံကျအမိန့်ကို ပြင်ဆင် ပေးရန်လျှောက်ထားနိုင်ခွင့်မရှိခဲ့ခြင်း။

(၂) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသော ဦးညီပု၊ ဒေါက်တာတင်မင်းထွတ်တို့၏ ရှေ့နေကိုယ်စား လှယ်လွှဲစာ ရရှိထားသူ တရားရုံးချုပ်ရှေ့နေ ဦးကျော်ဟိုးအား ဇန္နဝါရီလ ၁၂ ရက်နေ့က အနောက်ပိုင်း အထူးတရားရုံးတွင် အမှုစစ်ဆေးရန်လာရောက်မှုကို အကျဉ်းထောင်အာဏာပိုင်များက ဝင်ခွင့်မပေးခဲ့ကြောင်း သိရှိရသည်။ **(အာအက်ဖ်ရ်အေ – 12/ 1/ 2009)**

(၃) (၆၊ ၁၂၊ ၂၀၀၈) ရက်နေ့၌ မင်္ဂလာတောင်ညွန့်တရားရုံးတရားခွင်က ရှေ့နေ ကိုဖိုးဖြူ၊ ကိုသူရိန်၊ ကိုကျော်ဦးတို့အား မောင်းထုတ်ခဲ့ကြောင်းသိရှိခဲ့ရသည်။ **(အာအက်ဖ်အေ–7/ 1/ 2008)**

(၄) ရှေ့နေကိုယ်စားလှယ်လွှဲစာရရှိထားသူ အထက်တန်းရှေ့နေ ဦးမောင်မောင်လတ်အား ၂၀၀၈ခုနှစ် နိုဝင်ဘာလ ၆ ရက်နေ့က အင်းစိန်အကျဉ်းထောင်တရားရုံးသို့ဝင်ခွင့်မရကြောင်းသိရှိခဲ့ရသည်။
**(ဘီဘီစီ – 6 / 11 / 2008)**

## ဖောက်ဖျက်ကျူးလွန်သော ဥပဒေပုဒ်မများ၏ မူရင်းအဓိပ္ပါယ်

**ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၃၄၀(၁)၊**

ရာဇဝတ်တရားရုံးတွင် ပြစ်မှုတစ်ရပ်ဖြင့် စွပ်စွဲခံရသူ မည်သူမဆို သို့မဟုတ် ဆိုခဲ့သည့် တရားရုံးတစ်ရုံးတွင်ဤကျင့်ထုံးဥပဒေအရ အမှုစွဲဆိုခြင်းခံရသူမည်သူမဆို ရှေ့နေဖြင့်ခုခံချေပပိုင်ခွင့်ရှိသည်။

**တရားရုံးများလက်စွဲ အပိုင်း (၂) အပိုဒ် ၂၀**

(၁) ရာဇဝတ်စစ်ဆေးစီရင်မှုများ သို့တည်းမဟုတ် စုံစမ်းစစ်ဆေးမှုများကို စစ်ဆေးစီရင်သည့် ရာဇဝတ်တရားသူကြီး ရုံးစိုက်ရာ မြို့တွင် သာမန်အားဖြင့် ပြုလုပ်ရမည်။

(၂) – ––

(၃) ရပ်ရွာဒေသတွင် စုံစမ်းစစ်ဆေးမှုအတွက် တရားဥပဒေ ပြဋ္ဌာန်းချက်တစ်ခုခုနှင့် မဆန့်ကျင်စေဘဲ ရုံးစိုက်ရာ ဒေသရှိ တရားရုံးအဆောက်အဦးတွင် သာမန်အားဖြင့် စုံစမ်းစစ်ဆေးရန်ဖြစ်သည်။ သို့ရာတွင် ရာဇဝတ် တရားသူကြီးသည် သင့်လျော်မည်ဟုယူဆလျှင် အခြားနေရာ၌လည်း အမှုများကို စုံစမ်းစစ်ဆေး စီရင် နိုင်ရန် ရာဇဝတ်ကျင့်ထုံးပုဒ်မ ၃၅၂က ခွင့်ပြုထားသည်။ ရာဇဝတ်တရားသူကြီးသည် အမှုကို ရုံးအဆောက်အဦးတွင် မဟုတ်မူဘဲ အခြားတစ်နေရာရာတွင် စုံစမ်းစစ်ဆေးမည်ဟု ဆုံးဖြတ်လျှင် ဆုံးဖြတ် ချက်နှင့် အကြောင်းအကျိုးကို အမိန့်ချမှတ်တမ်းတင်ရမည်။ ရာဇဝတ်တရားသူကြီးသည် လိုအပ်ပါက ယင်းအခြားတစ်နေရာ ဥပစာကို အုပ်ချုပ်သော သက်ဆိုင်ရာပုဂ္ဂိုလ် သို့မဟုတ် ဌာနမှ ကြိုတင်၍ခွင့်ယူပြီးမှ ထိုနေရာဥပစာတွင် အမှုကို စုံစမ်းစစ်ဆေးရမည်။

(၁၉၄၀ခုနှစ် ရန်ကုန်စီရင်ထုံး စာ ၁၂၂ ရှိဦးခမိန် အမှုကို ညွှန်းသည် )

**ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၃၇**

အထက်တွင်ပါရှိသော ပြဋ္ဌာန်းချက်များနှင့်မဆန့်ကျင်စေဘဲ –

(က) တိုင်တန်းချက်၊ သာမွန်စာ၊ ဝရမ်း၊ စွဲချက်၊ထုတ်ပြန်ကြေညာချက် ၊ အမိန့်၊ စီရင်ချက်တွင် သော်လည်းကောင်း၊ အခြားမှုခင်းကိစ္စများ ဆောင်ရွက်ချက်တွင်သော် လည်းကောင်း စစ်ဆေး စီရင်ခြင်းမပြုမီ သို့မဟုတ် စစ်ဆေး စီရင်ဆဲအတွင်း ဤကျင့်ထုံးဥပဒေအရ စုံစမ်းစစ်ဆေးမှု တရပ်ရပ်တွင်သော် လည်းကောင်း၊ အခြားမှုခင်းကိစ္စများဆောင် ရွက်မှုတွင်သော် လည်းကောင်း၊ တစ်စုံတစ်ရာ မှားယွင်းမှု ပျက်ကွက်မှုသို့မဟုတ် နည်းလမ်းမကျမှုကြောင့် ဖြစ်စေ၊

(ခ) ––– – –

(ဂ) – – – –

(ဃ) – – – –

အဆိုပါ မှားယွင်းမှု၊ ပျက်ကွက်မှု၊ နည်းလမ်းမကျမှု သို့မဟုတ် မှားယွင်းညွှန်ကြားချက်သည် တရားမျှတမှုအမှန်တကယ်ကင်းမဲ့သွားစရာ အကြောင်းမဖြစ်ပေါ်စေပါက စီရင်ပိုင်ခွင့် အာဏာရ ရှိသည့် တရားရုံးတစ်ရုံးက ချမှတ်ထားသည့် မည်သည့်ဆုံးဖြတ်ချက်၊ ပြစ်ဒဏ် သို့မဟုတ် အမိန့်ကိုမျှ အခန်း ၂၇ အရဖြစ်စေ၊ အယူခံမှုတွင်ဖြစ်စေ၊ ပြင်ဆင်မှုတွင်ဖြစ်စေ၊ ပယ်ဖျက် ပြောင်းလဲ ပြင်ဆင်ခြင်းမရှိစေရ။

ရှင်းလင်းချက်။ ။ ဤကျင့်ထုံးဥပဒေအရ ဆောင်ရွက်သည့်မှုခင်းကိစ္စတစ်စုံတစ်ရာတွင် မှားယွင်းမှု၊ ပျက်ကွက်မှု၊ နည်းလမ်းမကျမှုသို့မဟုတ် မှားယွင်းညွှန်ကြားမှုတစ်စုံတစ်ရာကြောင့် တရားမျှတမှု ကင်းမဲ့ရာ ရောက် မရောက်၊ ဆုံးဖြတ်ရာတွင် ၎င်းအမှု ကို ကနဦးစတင်ဆောင်ရွက်သည့်အဆင့်၌ ကန့်ကွက်နိုင်ခဲ့ခြင်းရှိ၊ မရှိနှင့် ကန့်ကွက်သင့်၊ မသင့်ဆိုသော အကြောင်းအခြင်းအရာကို တရားရုံးက ထောက်ထားဆင်ခြင်ရမည်။

## ဥပဒေရေးရာသုံးသပ်ချက်

(၁) ယုံကြည်ချက်ကြောင့် တရားစွဲခံရပြီး ပြစ်ဒဏ်နှစ်ရှည်ချမှတ်ခံခဲ့ရသော အကျဉ်းသားများ၏ အမှုတွဲ နေ့စဉ်မှတ်တမ်းများအရ အကျဉ်းထောင်အတွင်း စစ်ဆေးမည်ဖြစ်ကြောင်း တရားရုံးလက်စွဲအပိုဒ် ၂၀ အရ ထုံးပုံကျ အမိန့်တစ်ရပ်ချမှတ်ခဲ့ခြင်းမရှိပါ။ ထို့ကြောင့် အကျဉ်းထောင်အတွင်း စစ်ဆေးမည်ဖြစ်၍ စွပ်စွဲခံရသူများ နစ်နာနိုင်ကြောင်း အကျဉ်းထောင်အတွင်း စစ်ဆေးခွင့်ကို ပြင်ဆင်ပေးရန် လျှောက်ထားနိုင်ခွင့်မရှိပါ။

(၂) **“အစိုးရနှင့် ဦးခမိန် ပါ ၂ ၁၉၄၀ ခုနှစ် ရန်ကုန်စီရင်ထုံး စာမျက်နှာ ၁၂၂ ”** တွင်

**“ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၃၅၂ အရ အမှုတစ်ခုကို စစ်သော ရာဇဝတ်တရားသူကြီးသည်အမှုစစ်ဆေးစီရန်နေရာကို သတ်မှတ်နိုင်သည်၊ ကိုယ်ပိုင်ဉာဏ်ကို သုံးရန်ခွင့်ပေးထားသည်။ အမှုစစ်တရားသူကြီးက အမှုတစ်ခု၌ ပြည်သူ သို့မဟုတ် တစ်ဦးတစ်ယောက်အား ဝင်ထွက်သွားလာခြင်းမပြုရဟု အမိန့်ချမှတ်ထားခြင်းမရှိလျှင် အဆိုပါနေရာသည် ပြည်သူအများသွားလာနိုင်သော တရားခွင်ဖြစ်သည်ဟု ယူဆရမည်။ အမှုစစ်ဆေးစီရင်သော နေရာနှင့်ပတ်သက်၍ တရားရုံးချုပ်က အုပ်ချုပ်ရေးဆိုင်ရာ ညွှန်ကြားချက်များ ထုတ်ထားရာ တရားရုံးများ လက်စွဲအပိုဒ် ၂၀ ၌ ပါရှိသည်၊ ရာဇဝတ်တရားသူကြီးတစ်ဦးသည် အကျဉ်းထောင်အတွင်း၌ အမှုစစ်ဆေးစီရင်ရန် သက်ဆိုင်သော အာဏာပိုင်ထံ အခွင့်တောင်းနိုင်သည်။ အခွင့်ရသည့်အခါ အမှုကို အကျဉ်းထောင်ဥပစာအတွင်း စစ်ဆေးစီရင်မည်ဟု ထုံးပုံကျ အမိန့်တစ်ရပ်ချမှတ်ရသည်။ တရားခံသည် အဆိုပါအမိန့်အတွက် နစ်နာသည်ထင်လျှင် ထုံးပုံကျအမိန့် ကို ပြင်ဆင်ပေးရန် အထက်အာဏာပိုင်သို့ လျှောက်ထားနိုင်သည်။”**

(၃) ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၃၇ တွင် အမှုကို ကနဦးစတင်ဆောင်ရွက်သည့်အဆင့်၌ ကန့်ကွက်နိုင်ခဲ့ခြင်းရှိ/ မရှိနှင့် ကန့်ကွက်သင့်/ မသင့် ဆိုသော အကြောင်းအခြင်းအရာကို တရားရုံးက ထောက်ထားဆင်ခြင်ရမည်ဟု အတိအလင်း ပြဋ္ဌာန်းထားသည်။

(၄) ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၃၄၀ (၁) အရ ရှေ့နေဖြင့် ခုခံချေပနိုင်ခွင့်၊ ပြဋ္ဌာန်းထားပါလျက် ထောင်အာဏာပိုင်များရှေ့မှောက် ထောင်တွင်းရှိ စွပ်စွဲခံရသူများကိုယ်တိုင် လွှဲအပ်ထားသော ရှေ့နေများအား အဝင်မခံခဲ့မှုသည်လည်းကောင်း၊ **၂၀၀၀ ပြည့်နှစ် တရားစီရင်ရေးဥပဒေ ပုဒ်မ ၂ (စ) “ခုခံချေပခွင့်ပေးခြင်း”** စသည့်ပြဋ္ဌာန်းချက်များကို မလိုက်နာသဖြင့် တရားမျှတမှု ဆိတ်သုဉ်းစေခြင်းဖြစ်သည်။

(၅) သို့ဖြစ်ပါ၍ ကျင့်ထုံးဥပဒေပုဒ်မ ၅၃၇ အရ အမှုကို ကနဦးစတင်ဆောင်ရွက်သည့်အဆင့်၌ပင် ကန့်ကွက်နိုင်ခွင့် အခွင့်အရေးဆုံးရှုံးခဲ့သဖြင့် ယုံကြည်ချက်ကြောင့် စွပ်စွဲခံရသူများအပေါ် နှစ်ရှည်ပြစ်ဒဏ်ချမှတ်ခံခဲ့ရမှုများသည် ပြဋ္ဌာန်း ဥပဒေများအရလည်းကောင်း၊ စီရင်ထုံးအရလည်းကောင်း လုံးဝဆန့်ကျင်နေသဖြင့် –

- မှားယွင်းစွာချမှတ်ထားသည့် စီရင်မှုများဖြစ်ကြောင်း၊
- ထိုသို့မှားယွင်းစွာ ပြစ်ဒဏ်ချမှတ်ခဲ့သဖြင့် နှစ်ရှည်ပြစ်ဒဏ်ကျခံရသူများကို အမြန်ဆုံး ပြန်လွှတ်ပေးရမည်ဖြစ်ကြောင်း ဥပဒေသုံးသပ်ချက် သဘောထားထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံရှေ့နေများကောင်စီ

ရက်စွဲ – ၂၀၀၉ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၀) ရက်။

**အသေးစိပ်သိလိုပါလျှင် ဆက်သွယ်ရန် – ဦးမျိုး (၀၈၆၂၁၆ ၀၁၀၈)၊ တာဝန်ခံ၊ ဥပဒေ ရေးရာ သုံးသပ်ရေး အဖွဲ့။**